**8 January 2010 to 12 January 2010**

# ရွေးကောက်ပွဲသတင်းစဉ် (၁၄)

## ဒေါ်အောင်ဆန်းစုကြည်နှင့်အစိုးရဆက်ဆံရေးဝန်ကြီးတွေ့ဆုံခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အစိုးရဆက်ဆံရေးဝန်ကြီးတို့ဇန်နဝါရီလ ၁၅ ရက်နေ့က အစိုးရဧည့်ဂေဟာတွင်တွေ့ဆုံခဲ့ကြောင်းသိရှိရပါသည်။ အန်အယ်လ်ဒီပါတီမှဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအုန်းကြိုင်နှင့်ဦးခင်မောင်ဆွေတို့၏ပြောကြားချက်အရ၊ အတိုက်ခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးဦးအောင်ကြည်တို့နာရီဝက်ခန့်တွေ့ဆုံကြောင်း၊ သို့ရာတွင်မည်သည့်ကိစ္စများဆွေးနွေးခဲ့သည်ကိုမသိရကြောင်းပြောကြားပါသည်။ အောင်ဆန်းစုကြည်နှင့် ဝန်ကြီးတို့မတွေ့ဆုံမီရက်ပိုင်းက အန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်အရေအတွက်ကို ၁၁ ဦး မှ ၂၀ အထိတိုးချဲ့ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ အစိုးရကိုယ်စားလှယ်နှင့် အတိုက်ခံခေါင်းဆောင်တို့၏တွေ့ဆုံမှုကို အန်အယ်လ်ဒီပါတီမှကြိုဆိုပြီး နှစ်ဘက်အကြားပုံမှန်ဆွေးနွေးရေးကို လိုလားလျက်ရှိကြောင်း၊ သို့ရာတွင်ရွေးကောက်ပွဲဝင်ရောက်ရေးနှင့်ပတ်သက်၊ ဆုံးဖြတ်မချမှတ်သေးကြောင်းပြောကြားသည်။

## အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီတိုးချဲ့ဖွဲ့စည်းခြင်း

ပါတီအတွင်းလူငယ်လူရွယ်များနှင့်သွေးသစ်လောင်းပြီး၊ လုပ်ငန်းများပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်ဇန်နဝါရီလ ၁၄ ရက်နေ့က အန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ အရေအတွက်အားပြင်ဆင်တိုးချဲ့ရန်ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရှိရသည်။ အသစ်ရွေးချယ်တင်မြှောက်ခြင်းခံသူစာရင်းတွင် ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ်မှ ဒေါက်တာမေဝင်းမြင့်၊ ယခင်ဝန်ကြီးချုပ်ဟောင်းနှင့် ထောက်လှမ်းရေးအကြီးအကဲဗိုလ်ချုပ်ခင်ညွန့်၏ယောက္ခမဒေါက်တာသန်းငြိမ်း၊ ရန်ကုန်တိုင်းသံလျင်မြို့နယ်မှဒေါက်တာဝင်းနိုင်၊ ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်မှဦးသိန်းညွန့်၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်မှ ဦးထွန်းထွန်းဟိန်း၊ မွန်ပြည်နယ်ပေါင်မြို့နယ်မှဦးဉာဏ်ဝင်း၊ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်မှ ဦးဟန်သာမြင့်၊ အန်အယ်လ်ဒီပါတီဥပဒေရေးရာကော်မတီဝင်ဦးဝင်းမြင့်နှင့်ပြန်ကြားရေးကော်မတီအဖွဲ့ဝင် ဦးအုန်းကြိုင်တို့ပါဝင်ကြောင်းသိရသည်။ ယခုရွေးချယ်ခံခြင်းသူများအနက် ဒေါက်တာမေဝင်းမြင့်သည် ယခင်ကအန်အယ်လ်ဒီအမျိုးသမီးရေးရာအဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့ပြီး၊ ၁၉၉၇ ခုနှစ်တွင်ထိန်းသိမ်းခံခဲ့ရသူဖြစ်ပါသည်။ ပါတီတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးကိစ္စများကို မကြာမီကဒေါ်အောင်ဆန်းစုကြည်နှင့်အန်အယ်လ်ဒီပါတီခေါင်းဆောင်ဦးအောင်ရွှေ၊ ဦးလွင်နှင့်ဦးလွန်းတင်တို့တွေ့စဉ်ကညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

## အတိုက်ခံပါတီအမျိုးသမီးအဖွဲ့များမြို့နယ် ၂၂ မြို့နယ်တွင်ဖွဲ့စည်းခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးလုပ်ငန်းများနှင့်အခြားသောပါတီလုပ်ငန်းများတွင် ပံ့ပိုးကူညီရန်မြို့နယ်အမျိုးသမီးအဖွဲ့များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၊ ယခုအခါမြို့နယ် ၂၂ မြို့နယ်တွင်ဖွဲ့စည်းထားပြီးဖြစ်ကြောင်းသိရသည်။ ယခုဖွဲ့စည်းထားသည့်အမျိုးသမီးအဖွဲ့များမှာ ရန်ကုန်တိုင်းတွင် ကော့မှူး၊ မရမ်းကုန်း၊ လှိုင်၊ သံလျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ရန်ကင်း၊ ဗဟန်း၊ ခရမ်း၊ သာကေတ၊

ဒဂုံမြို့သစ်အပါအဝင် မြို့နယ် (၁၂) မြို့နယ်၊ တနင်္သာရီတိုင်းရှိ မြို့နယ် (၈) မြို့နယ်နှင့်မန္တလေးတိုင်းတွင်မြို့နယ်(၂)မြို့နယ်တို့ဖြစ်သည်။ မန္တလေးတိုင်း အန်အယ်လ်ဒီ အမျိုးသမီးလုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ဝင်တစ်ဦးက မိတ္တီလာ၊ ဝမ်းတွင်းမြို့နယ်ရုံးများ၏လုပ်ငန်းအဖွဲ့အဆိုပြု အကြောင်းကြားစာများရရှိထားပြီး၊ ဗဟို၏ညွှန်ကြားချက်ကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်းပြောကြားပါသည်။ အမျိုးသမီးလုပ်ငန်းအဖွဲ့၏အဓိကလုပ်ငန်းများတွင်စည်းရုံးရေးကွင်းဆင်းခြင်း၊ လစဉ်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ မြို့နယ်ကတင်ပြတဲ့အချက်များပြန်ဆွေးနွေးခြင်းနှင့် အဖွဲ့ချုပ်ကချမှတ်ပေးသည့်မူဝါဒများ လိုက်နာအကောင်အထည်ဖော်ရေးတို့ပါဝင်ကြောင်းသိရသည်။

## ဆင်းရဲနွမ်းပါးသူများအကူအညီပေးရေးလုပ်ငန်းများပြည်ခိုင်ဖြိုးအသင်းကအကောင်အထည်ဖော်ခြင်း

ရန်ကုန်ဆင်ခြေဖုံးဒေသများတွင် နေထိုင်သောဆင်းရဲနွမ်းပါးသူတွေ၊ အိမ်ပြန်မဆောက်နိုင်သူတွေကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ရေးအသင်း၏အစီအစဉ်ဖြင့် တန်ဖိုးနည်းနေအိမ်များတည်ဆောက်ပေးသည့် အစီအစဉ်နှင့်ပတ်သက်၍၊ ရန်ကုန်မြို့တော်ဝန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းတိုင်းတာဝန်ခံဗိုလ်မှူးချုပ်အောင်သိန်းလင်းက သတင်းထောက်များကို ဇန်နဝါရီလ ၅ ရက်နေ့ကရှင်းလင်ပြောကြားခဲ့ပါသည်။ ယင်းအစီအစဉ်အရ၊ ငွေကြေး ချို့တဲ့သူများကို ကျပ် ၇သိန်းနှင့် ၈ သိန်းကြားတန်ဖိုးရှိနေအိမ်များကိုတစ်လလျှင် ၁၀၀ ကျပ်ပြန်လည်ပေးသွင်းစေပြီး၊ အိမ်တည်ဆောက်ရေးကုန်ကျစရိတ်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်မှကျခံသုံးစွဲသွားမည်ဖြစ်ကြောင်းသိရှိရသည်။ တန်ဖိုးနည်းနေအိမ်များကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ရန်ကုန်တိုင်းကြည့်မြင်တိုင်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်များတွင် အိမ်ခြေ ၂၀ တည်ဆောက် ပေးခဲ့ပြီး၊ ယခု ၂၀၁၀ နှစ်ဆန်းပိုင်းတွင် တောင်ဥက္ကလာပ၊မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒေါပုံ၊ သာကေတနှင့် မရမ်းကုန်းမြို့နယ်များရှိမိသားစု ၅၀၀ အတွက်အိမ်ခြေ ၅၀၀ ထပ်မံဆောက်လုပ်သွားရန်ရှိပါသည်။

## လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲပြုလုပ်ပေးမည်ဟုကတိပေးခြင်း

စစ်အစိုးရက ၂၀၁၀ တွင်ကျင်းပမည့်ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာပြုလုပ်ပေးသွားမည်ဖြစ်အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်အား ဝန်ကြီးဦးဉာဏ်ဝင်းကအသိပေးပြောကြားခဲ့ပါသည်။ ဇန်နဝါရီလ ၁၃ ရက်နေ့ကပြုလုပ်သည့် အာဆီယံဝန်ကြီးများညစာစားပွဲတွင် စစ်အစိုးရကိုယ်စားလှယ်ကပြောကြားခဲ့ကြောင်းသိရသည်။ ရွေးကောက်ပွဲကျင်းပမည့်နေ့ ထုတ်ဖော်မကြေညာနိုင်သေးသည်ကလွဲ၍၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို လျာထားချက်အတိုင်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတွင်တိုးတက်မှုများဖြစ်ပေါ်လာသည်ကို ကျန်အဖွဲ့ဝင်နိုင်ငံများကလိုလားလျက်ရှိကြောင်း ဆူရင်ကဆက်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံကိစ္စဆောလျင်စွာပြီးဆုံးရေးကို အာဆီယံနိုင်ငံများကလိုလားကြပြီး၊ နိုင်ငံတကာနှင့်အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မည့်အခြေအနေများကိုယုံကြည်မျှော်လင့်ကြောင်းငင်းကဆက်လက်ပြောကြားခဲ့ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီးဖြစ်

ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ဥပဒေများရေးဆွဲရေးလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး၊ ကျန်ရှိနေသည့် လုပ်ငန်းများကိုလာမည့်လ ၃ လအတွင်းအပြီးသတ်ရေးဆွဲကာ ရွေးကောက်ပွဲကို နှစ်လယ်နောက်ပိုင်းတွင် ကျင်းပသွားမှာဖြစ်ကြောင်း စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီးကြားလိုက်ပါတယ်။ ဝန်ကြီးဦးဉာဏ်ဝင်းသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကာဆစ်ပီရိုမြနှင့်အာဆီယံဝန်ကြီးများအစည်းအဝေးတက်ရောက်စဉ် ယခုကဲ့သို့ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ မြန်မာအာဏာပိုင်များကရွေးကောက်ပွဲကို ၂၀၁၀ နှစ်တွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာထားပြီးဖြစ်သော်လည်း၊ ယနေ့တိုင်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်နှင့်ရွေး ကောက်ပွဲဆိုင်ရာဥပဒေများထုတ်ပြန်ခြင်းမရှိကြောင်းတွေ့ရှိရသည်။

## ရွေးကောက်ပွဲအတွက်ဒီမိုကရက်တစ်ပါတီအချင့်မရဲဖြစ်နေခြင်း

စစ်အစိုးရကပြုလုပ်မည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ရန်ပြင်ဆင်နေသည့် ဒီမိုကရက်တစ်ပါတီသည်ရွေးကောက်ပွဲဥပဒေပြဌာန်းရန်နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် ပါတီလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း ဒီမိုကရက်တစ်ပါတီဥက္ကဌ ဦးသုဝေထုတ်ဖော်ပြောကြားခဲ့ကြောင်းသိရှိရသည်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေပြုထုတ်ပြန်ခြင်းမရှိသေးသဖြင့်၊ ကိုယ်စားလှယ်လောင်းရွေးချယ်နှင့်စည်းရုံးလုပ်ငန်းများဆောင်ရွက်ရန် အချိန်အလုံအလောက်ရှိမည်မဟုတ်သောကြောင့် ၎င်းတို့ပါတီအနေဖြင့်ရွေးကောက်ပွဲရောက်ရေးမှာ ရေ့တိုးနောက်ငင်ဖြစ်နေကြောင်း ပါတီ၏အဖွဲ့ဝင်တစ်ဦးဖြစ်သူဒေါ်ချိုချိုကျော်ငြိမ်းကဆက်လက်ပြောကြားခဲ့ပါသည်။ ဒီမိုကရက်တစ်ပါတီတွင် ယခင်ဒုတိယဝန်ကြီးချုပ်ဟောင်းဦးကျော်ငြိမ်း၏သမီးဒေါ်ချိုချိုကျော်ငြိမ်း၊ ဝန်ကြီးချုပ်ဟောင်းဦးနု၏သမီးဒေါ်သန်းသန်းနု၊ ဝန်ကြီးချုပ်ဟောင်းဦးဗဆွေ၏သမီးဒေါ်နေရီဗဆွေတို့အပါအဝင်ဝါရင့်နိုင်ငံရေးသမားများဖြင့်ဖွဲ့စည်းတည်ထောင်ထားသည်။

## အတိုက်ခံပါတီများရွေးကောက်ပွဲဝင်ရောက်ရေးအတွက်မရေရာ

၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သည့် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီနှင့်မွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦးစသည့်ပါတီများမှခေါင်းဆောင်တို့က စစ်အစိုးရ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လွှတ်ပေးပြီးမှသာရွေးကောက်ပွဲတွင်ပါဝင်မည်ဖြစ်ကြောင်းပြောကြားပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပ ဒေသည်တန်းတူအခွင့်အရေးနှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးစသည်တို့ကို အာမခံချက်မပေးနိုင်သောကြောင့် ယင်းဥပဒေကိုပြင်ဆင်ရန်တောင်းဆိုနေခြင်းဖြစ်ကြောင်း၊ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ယာယီဥက္ကဌဦးသာဘန်းကပြောပါသည်။ တဖန်ညီညွှတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့၏ပြောခွင့်ရပုဂ္ဂိုလ်နှင့် ဇိုမီးအမျိုးသားကွန်ဂရက်ပါတီဥက္ကဌပူကျင်ရှန်ထန်ကလည်း ၎င်းတို့အနေဖြင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်ပါအချက်များကိုထောက်ခံကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းမရှိဘဲရွေးကောက်ပွဲပြုလုပ်ခဲ့ပါကယင်းဖွဲ့စည်းပုံကို အာသက်သွင်းအတည်ပြုသည့် သဘောအဓိပ္ပါယ်သက်ရောက်သွားမည်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားခဲ့သည်။ မွန်အမျိုးသားဒီမိုကရေစီတပ်ဦး၏ဥက္ကဌ၊ နိုင်ငွေသိန်းကရွေးကောက်ပွဲဝင်

ရောက်ရေးကိစ္စနှင့်ပတ်သက်၍၊ ၎င်းတို့၏ရပ်တည်ချက်မှာညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့၏ရပ်တည်ချက်နှင့်ထပ်တူထပ်မျှဖြစ်ကြောင်းပြောကြားခဲ့သည်။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့တွင် နိုင်ငံရေးပါတီ ၁၂ ခုဖြင့်ဖွဲ့စည်းထားပြီး၊ ၁၉၉၀ ရွေးကောက်ပွဲ၌ မဲဆန္ဒနယ် ၆၇ ခုတွင် အနိုင်ရရှိခဲ့သောအဖွဲ့ဖြစ်ပါသည်။

## <u>**သုံးသပ်ချက်**</u>

အစိုးရဆက်ဆံရေးဝန်ကြီးနှင့်အတိုက်အခံနိုင်ငံရေးခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့၏ဇန်နဝါရီလ ၁၅ ရက်နေ့ကတွေ့ဆုံခဲ့ခြင်းသည် အပြုသဘောဆောင်သောခြေလှမ်းအဖြစ်မှတ်ယူနိုင်ပါသည်။ ဆွေးနွေးမှုများ အသေးစိပ်အစီအစဉ်များကိုအတိအလင်းကြေညာခြင်းမရှိကြောင်း၊ သို့ရာတွင်အာဏာပိုင်နှင့်အတိုက်အခံတို့အကြားပုံပုံမှန်တွေ့ဆုံဆွေးနွေးခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးသည်အလွန် အရေးကြီးကြောင်း သုံးသပ်မိပါသည်။ တစ်ချိန်တည်း၌ အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များတိုးချဲ့ဖွဲ့စည်းခြင်းနှင့်မြို့နယ် (၂၂) မြို့နယ်တွင် အမျိုးသမီးလုပ်ငန်းအဖွဲ့များ စနစ်တကျပြန်လည်ဖွဲ့စည်းနိုင်ခြင်းအားဖြင့် ပါတီ၏လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မည်သို့ပင်ရှိစေကာမူ၊ ဗဟိုကော်မတီအဖွဲ့ဝင်အသစ်များ၏ပါတီလုပ်ငန်းများမည်မျှဆောင်ရွက်နိုင်ခြင်း၊ အမျိုးသမီးလုပ်ငန်းအဖွဲ့များသက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးတို့တွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ တိုးချဲ့ဖွဲ့စည်းလုပ်ကိုင်ရေးအခြေအနေများကို စောင့်ကြည့်အကဲခတ်သွားရမည်ဖြစ်သာပါသည်။ ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များတွင်နေထိုင်သော ဆင်းရဲနွမ်းပါးသူ၊ ငွေကြေးမတတ်နိုင်သူများ အိမ်ပြန်လည်တည်ဆောက်ပေးသည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ လုပ်ဆောင်ချက်ကိုကြိုဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် ကြံ့ခိုင်ရေးအသင်း၏ဆောင်ရွက်ချက်များသည် စေတနာအရင်းခံ၍လုပ်ဆောင်ခြင်းလော၊ သို့တည်းမဟုတ် စေတနာအမည်ခံလှည့်ဖြားခြင်းလောဆိုသည်တို့ကို အချိန်ကအဆုံးဖြတ်ပေးလာပါလိမ့်မည်။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့နှင့် မွန်အမျိုးသားဒီမိုကရေစီတပ်ဦးတို့က ရွေးကောက်ပွဲဝင်ရန် ၂၀၀၈ ခုနှစ်ဖွဲ့စည်းကပုံ အခြေခံဥပဒေနှင့်နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးတောင်းဆိုမှုများသည် အာဏာပိုင်များမှလိုက်ရောပေးလိုသော ဆန္ဒမရှိခြင်းတို့ကြောင့် ယခုတိုင်ယင်းတောင်းဆိုချက်များကို မျက်ကွယ်ပြုထားခြင်းပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင်အတိုက်ခံပါတီများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ စစ်အစိုးရက၎င်းတို့ချမှတ်ထားသည့် နိုင်ငံရေးလမ်းပြမြေပုံကိုမဖြစ်မနေ အကောင်အထည်ဖော်သွားမည်မှာကေန်မုချပင်ဖြစ်ပါသည်။ ယင်းအခြေအနေတွင်အတိုက်ခံပါတီများကလက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးဖြစ်စဉ် (**political process**) တွင်မိမိတို့ကျရာအခန်းကဏ္ဍမှပါဝင်လှုပ်ရှားရန်လိုအပ်မည်ဖြစ်ပါသည်။ ပြည်တွင်းနိုင်ငံရေးမြင်ကွင်းကျားကွက်ကျား၊ သို့လောသို့လောဖြစ်နေချိန်၌၊ နိုင်ငံတကာဆက်ဆံရေးပိုင်းတွင်လည်း အစိုးရကနိုင်ငံရေဖြစ်ပေါ်တိုးတက်မှုများကိုအခွင့်သင့်တိုင်းရှင်းလင်းပြောကြားလျက်ရှိနေသည်ကိုလည်းတွေ့ရှိရသည်။ တစ်နည်းအားဖြင့် ပြည်ပနိုင်ငံများဖိအားပေးမှုကိုတစ်ဘက်တစ်လမ်းမှလျှော့နည်းသွားစေရန် လုပ်ဆောင်ခြင်းဖြစ်မည်ဟုယူဆနိုင်သုံးသပ်နိုင်ပါသည်။